# ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

# (၂၆) ရက်မြောက်နေ့ အစီအစဉ်

# [ ၁၄- ၈ - ၂၀၁၂ ]

# ( အင်္ဂါနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် (၂၆)ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးစိုင်းစံမင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **လားရှိုးမြို့တွင် အခြေချနေထိုင်လျက်ရှိသော နမ္မတူဘော်တွင်းမှ အငြိမ်းစားဝန်ထမ်းများအား လားရှိုးမြို့ မြန်မာ့စီးပွားရေးဘဏ်တွင် လစဉ်ပင်စင်လစာများ ပုံမှန်ထုတ်ယူနိုင်ခွင့် ရှိ/မရှိ နှင့် တပ်မတော်သားများကဲ့သို့ပင် တိုင်းပြည်တာဝန်ကို သက်စွန့်ဆံဖျား ထမ်းဆောင်ကြရသူများဖြစ်သဖြင့် တပ်မတော်သားများကို တွက်ချက်ပေးသော ပင်စင်ပုံသေနည်းအတိုင်း တွက်ချက်ခံစားပေးနိုင်ခွင့်** ရှိ/မရှိ သိလိုပါကြောင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **၂၀၁၅ ခုနှစ်ကို အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဇုန် AFTA အဖြစ် သတ်မှတ်ထားသောကြောင့် တွေ့ကြုံရမည့် အခက်အခဲ သို့မဟုတ် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးအတွက် အတွေ့အကြုံရှိသော ပြည်ပနိုင်ငံများနှင့် ညှိနှိုင်းသော FORUM များ ပြုလုပ်ထားမှု အခြေအနေကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးတင်ရွှန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **မြိတ်မြို့ ကမ်းနားလမ်းရှိ ၃.၅ ကီလိုမီတာခန့် ရှည်လျားသော ကွန်ကရစ်ပလက်ဖောင်းပေါ် သင့်တော်သော နေရာများ၌ ကျန်းမာရေးအတွက် လေ့ကျင့်ခန်းများ ပြုလုပ်နိုင်မည့် အားကစားအထောက်အကူပြု ကိရိယာများ တပ်ဆင်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ **ပုသိမ်(ဘဲဂရက်) - အိမ်မဲ - ညောင်တုန်း - ရန်ကုန်(လှိုင်သာယာ)ရထားလမ်းကို စတင်ဖောက်လုပ်ခဲ့ရာ ပုသိမ်(ဘဲဂရက်)-အိမ်မဲ ရထားလမ်းပိုင်းကို ဖွင့်လှစ်ခဲ့ပြီးဖြစ်၍ ကျန်ရထားလမ်းပိုင်းများကို မည်သည့်အချိန်တွင် ဖွင့်လှစ်မည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က မြေသိမ်း(သတ္တုတွင်းများ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း။

၇။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြေသိမ်း(သတ္တုတွင်းများ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြေသိမ်း(သတ္တုတွင်းများ) အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၉။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ် က တရားရုံးများ မထီမဲ့မြင်ပြုမှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း။

၁၀။ တရားရုံးများ မထီမဲ့မြင်ပြုမှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း-

- ဦးတင်မြ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)

၁၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တရားရုံးများ မထီမဲ့မြင်ပြုမှု ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၂။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တရားရုံးများမထီမဲ့မြင်ပြုမှု ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၃။ အမျိုးသားလွှတ်တော် တောင်သူလယ်သမားနှင့် ပြည်တွင်းပြည်ပ အလုပ်သမားများဆိုင်ရာ ကော်မတီက ကော်မတီ၏ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း။

၁၄။ အမျိုးသားလွှတ်တော် တောင်သူလယ်သမားနှင့် ပြည်တွင်းပြည်ပ အလုပ်သမားများဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင်အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း။

၁၅။ အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)

( ခ ) ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)

၁၆။ အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း။

၁၇။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (SME) သည် နိုင်ငံ၏ အခြေခံ လူတန်းစားများအတွက် အဓိကလုပ်ငန်းခွင်ဝင်ရောက်ရာ အဓိကဝင်ငွေရရှိရာ လုပ်ငန်းများ ဖြစ်နေပါသဖြင့် နိုင်ငံတကာဈေးကွက်၏ လက်ဝါးကြီးအုပ်လွှမ်းမိုး ခံရခြင်းမှ ကာကွယ်ပေးခြင်း၊ ဈေးကွက်ဝေစု ရှာဖွေပေးခြင်း၊ နည်းပညာနှင့် ငွေကြေးကူညီပံ့ပိုးပေးခြင်း၊ ဥပဒေဖြင့်အကာအကွယ်ပေးခြင်း စသည့် အစီအစဉ် များကို ၂၀၁၅ ခုနှစ် AFTA လုပ်ငန်းစဉ်များ စတင်သက်ဝင်ခြင်းမရှိသေးမီ အထူးတလည် ကူညီဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း အဆိုတင်သွင်းခြင်း နှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၈။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၉။ ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) ၏ **Clean Government ဖြစ်စေရန် ဝန်ထမ်းများ၏ ရပိုင်ခွင့်၊ ခံစားပိုင်ခွင့်များ အဆင့်အလိုက် ခံစားခွင့်ရရှိရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်း နှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၂၀။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၂၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၆)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၇) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။